## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 31 , 2023 Volume 66, Number 21

၃၁.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၁၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၁.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၉.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၅.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၀.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၄၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၈ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၃၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၄.၉၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၃၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာ-တရုတ် ကုန်စည်ပြပွဲက မြန်မာကုမ္ပဏီများကို စီးပွားရေးအခွင့်အလမ်းများ ရရှိစေ

မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်၌ မေ ၂၅ ရက်မှ မေ ၂၈ ရက်အထိ ၄ ရက်ကြာကျင်းပသော မြန်မာ-တရုတ်ကုန်စည်ပြပွဲသို့ နှစ်နိုင်ငံမှစီးပွားရေးလုပ်ငန်းရှင် ၁၀၀ ကျော် လာရောက်ခဲ့ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။ လယ်ယာထွက်ကုန်များ၊ စားသောက်ကုန်များ၊ အအေးနှင့်အဖျော်ယမကာများ၊ ဆေးဝါးထုတ်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် လျှပ်စစ်မော်တော်ယာဉ်များဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်များကို နှစ်နိုင်ငံမှကုမ္ပဏီများ လက်မှတ်ရေးထိုးခဲ့ကြသည်။

တရုတ်ကုမ္ပဏီတစ်ခုနှင့် သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့သည့် မြန်မာနိုင်ငံမှ ပဲနှင့်ပဲမျိုးစုံကုမ္ပဏီဖြစ်သော Six Six Eight ကုမ္ပဏီလီမိတက်မှ မန်နေဂျာ ဦးခင်အောင်သက်က "ဒီလိုလက်မှတ်ရေးထိုးနိုင်တာက ဝမ်းသာစရာကိစ္စဖြစ်ပါတယ်။ အခွင့်အရေးအထူးရတယ်လို့ သဘောထားပါတယ်။ အကျိုးကျေးဇူးအနေနဲ့ ကျွန်တော်တို့ရဲ့ ပဲတွေကို တရုတ်ကို ရောင်းချမှာဖြစ်ပါတယ်''ဟုပြောသည်။ "ဒီလိုလက်မှတ်ရေးထိုးတာက နိုင်ငံအတွက် ဝင်ငွေရတဲ့အပြင် ကျွန်တော်တို့ကုမ္ပဏီအနေနဲ့လည်း ဝင်ငွေရပါတယ်။ ကုန်စည်ပြပွဲ ကျင်းပပေးတဲ့အတွက် ဝယ်သူကို အထူးတလည် ရှာစရာမလိုတော့လို့ အလွန်ဝမ်းသာမိပါတယ်" ဟု ဦးခင်အောင်သက်က ဖြည့်စွက်ပြောကြားခဲ့သည်။ "တရုတ်နိုင်ငံက နည်းပညာဖွံ့ဖြိုးတိုးတက်တယ်။ သူတို့ရဲ့ နည်းပညာက ကျွန်တော်တို့ထက်ကောင်းပါတယ်။ ကုန်စည်ပြပွဲက နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်းဖြစ်ပါတယ်။ ဒါကနှစ်နိုင်ငံစလုံးအတွက် အကျိုးရှိပါတယ်"ဟု ၎င်းကဆက်ပြောသည်။

မြတ်စံကျောက်စိမ်းနှင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးမှ ဆိုင်ရှင် ဒေါ်ချိုချိုအေးက ကုန်စည်ပြပွဲတွင် ပါဝင်ခွင့်ရသည့်အတွက် ပျော်ရွှင်မိကြောင်း ပြောကြားခဲ့သည်။ "တရုတ်နဲ့မြန်မာကြား ပူးပေါင်းဆောင်ရွက်တဲ့ ကုန်စည်ပြပွဲမှာ ကျွန်မတို့ရဲ့ ထုတ်ကုန်တွေကို ပထမဆုံးအကြိမ် ခင်းကျင်းပြသထားပါတယ်" ဟု ဒေါ်ချိုချိုအေးက ပြောကြားခဲ့သည်။ "တရုတ်လူမျိုးတွေက ကျွန်မတို့ ကချင်ပြည်နယ်က ကျောက်စိမ်းတွေကို ကြိုက်နှစ်သက်ကြပါတယ်။ သူတို့တွေက ကျွန်မတို့နိုင်ငံက ကျောက်စိမ်းတွေကို ဈေးမြင့်ပေးပြီး ဝယ်ယူကြပါတယ်" ဟု ကချင်ပြည်နယ်၊ ဖားကန့်မြို့မှနေ၍ ကုန်စည်ပြပွဲသို့လာရောက်ပြသခဲ့သော ဒေါ်ချိုချိုအေးကပြောသည်။

မြန်မာ-တရုတ် ကုန်စည်ပြပွဲတွင် ပါဝင်ခြင်းဖြင့် ၎င်းတို့၏ ထုတ်ကုန်များကို ပြသနိုင်ပြီး တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်နိုင်သောကြောင့် စီးပွားရေး

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အခွင့်အလမ်းများ ရရှိခဲ့ကြောင်း ပြပွဲတွင်ပြသသော မြန်မာကုမ္ပဏီတချို့က ဆင်ဟွာသို့ ပြောကြားခဲ့သည်။ ၎င်းတို့အနက် တစ်ဦးမှာ သစ်ထွင်းလေဆာပန်းချီနှင့် မော်ဒန်ပရိဘောဂ ဒီဇိုင်းလုပ်ကိုင်သော နေပြည်တော်ပုံရိပ်သစ်လုပ်ငန်းမှ မအိအိဝင်းလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ "ကျွန်မတို့အနေနဲ့ ကျွန်မတို့ရဲ့ ထုတ်ကုန်တွေကို ပြည်ပကိုတင်ပို့ဖို့ ကြိုးစားနေပါတယ်။ ဒီပွဲမှာ ပြသတဲ့အတွက် network ကျယ်ပြန့်တဲ့အတွက် ကျွန်မတို့လုပ်ငန်းလည်း အဆင်ပြေပါတယ်။ ဒီပွဲမှာလည်း ကျွန်မတို့ရဲ့ထုတ်ကုန်တွေ ရောင်းရပါတယ်။ ဒီပွဲမှာ ပစ္စည်းအမျိုးအစားပေါင်း ၈၂ မျိုးကိုပြသထားပါတယ်" ဟု မအိအိဝင်းက ပြောသည်။ "တရုတ်တွေက နည်းပညာတွေ ကျွန်မတို့ထက်ပိုကောင်းတယ်။ ကျွန်မတို့လုပ်ငန်းက တရုတ်ရဲ့နည်းပညာကြောင့် တိုးတက်နိုင်ပါတယ်"ဟု ၎င်းကဆက်ပြောသည်။

မေ ၂၈ ရက်က ပြီးဆုံးခဲ့သော လေးရက်ကြာ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ အသင်းအဖွဲ့ သို့မဟုတ် လုပ်ငန်းပေါင်း ၆၀ နှင့် တရုတ်နိုင်ငံမှ လုပ်ငန်း ၇၀ ကျော်တို့ ဝင်ရောက်ပြသခဲ့ကြသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန်၊ ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့ရန်နှင့် နှစ်နိုင်ငံလုပ်ငန်းရှင်များအကြား ပိုမိုရင်းနှီးသော ဆက်ဆံရေးမြှင့်တင်ရန်အတွက် အဆိုပါကုန်စည်ပြပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရသိရသည်။ "ဒီပွဲမှာတော့ တရုတ်နိုင်ငံ လင်ချန်းဘက်က အဝယ်အော်ဒါတွေရတယ်။ တရုတ်နိုင်ငံကို ပို့လို့ရရင် သူတို့ကယူမယ်လို့ပြောပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံကို တင်ပို့နိုင်ဖို့ကျွန်မတို့ ကြိုးစားပါဦးမယ်။ ပြည်တွင်းရော၊ ပြည်ပရော ကျွန်မတို့ထုတ်ကုန်တွေကို စိတ်ဝင်စားကြပါတယ်" ဟု Galaxy Star Furniture Company မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်နန်းအေးလင်းက ဆင်ဟွာသို့ပြောသည်။

**Source:** https://xinhuamyanmar.com/news/sino-myanmar/economy-sino-myanmar/mm-23050310017/

## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု အခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ မေလ ၂၀ ရက်မှ ၂၆ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၂၃၄၅၉၄၅.၃၇ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၀၇၅၃၃၅.၇၅ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ ထောပတ်ပဲ၊ ရွှေဖရုံသီး၊ သရက်သီး၊ ဆန်ကွဲနှင့်ကြိမ်များ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၄၉၈၅၆၄.၃၇ ကန်ဒေါ်လာ ဖြစ်ပြီး၊ ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏတန်ဖိုးမှာ ၁၈၄၇၃၈၁.၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ  လယ်ထွန်စက်များ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ဓါတ်မြေသြဇာများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ သားရေ/သားရေတုဖြင့်ပြုလုပ်သောပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ ဓါတုဗေဒချည်ခင်များ၊ သံပိုက်၊ မြက်ခင်းတုနှင့် ကားတာယာများ တင်သွင်းမှုရှိခဲ့ပါသည်။

ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၁၁၃၄၄.၂၅ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၈၆၃၉၉၁.၅၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၃၇ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၆.၇၃ ကျပ်ရှိကြောင်း သိရှိရပါသည်။

**မနောမြေကုန်သွယ်မှုဇုဟိုဌာန**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၂၂-၅-၂၀၂၃ မှ ၂၆-၅-၂၀၂၃) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ ဟဲဟိုး A1 ကျပ် ၁၆၀၀၊ ဟဲဟိုး OK ကျပ် ၁၈၅၀၊ ဟဲဟိုး S1 ကျပ် ၁၈၅၀၊ ဟဲဟိုး S2 ကျပ် ၁၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်းA1 ကျပ် ၅၀၊ အောင်ပန်း OK ကျပ် ၁၀၀ နှင့် အောင်ပန်း S2 ကျပ် ၂၀၀ အသီးသီး ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားမှာ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၃၃စီး ( ၁၉၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၄၅ စီး(၂၇၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၂စီး (၇၂၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ်(သစ်) ကျပ် ၂၀၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၀၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၉၀၀၊ မုံရွာရှယ် ကျပ် ၂၀၀၀၊ မုံရွာလတ်ကြီး ကျပ် ၂၀၀၀၊ မုံရွာလတ်သန့် ကျပ် ၂၀၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၉၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် (သစ်) ကျပ် ၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀ မုံရွာရှယ် ကျပ် ၅၀ ၊ မုံရွာလတ်ကြီး ကျပ် ၅၀ နှင့် မုံရွာလတ်သန့် ကျပ် ၅၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၁၂ (၆၇၂၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀၂ စီး (၆၁၂၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၁၀ စီး (၆၀၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက် ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၆၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၄၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၃၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၇၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၀၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၂ ကျပ် ၄၀၀ ဈေးမြင့်တက်ခဲ့ပြီး အောင်ပန်းထူး-၄ ကျပ် ၁၀၀ ဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၂၀၀ ( ၆၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၃၀၀ (၉၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ် ၉၀၀ (၂၇၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: Domestic(Ygn) MITC**

## ပဲမျိုးစုံကို လေလံချပေးရန်ရှိ

တရုတ်နိုင်ငံဘက်မှ ဝယ်ယူမှုရပ်ဆိုင်းနေသည့် ပဲတီစိမ်းနှင့်ပဲမျိုးစုံကို ရွှေလီအကောက်ခွန်ဌာနက မကြာမီ ကာလအတွင်း လေလံချပေးရန်ရှိကြောင်း နယ်စပ်ကုန်သည်များထံမှ သိရသည်။ “ပဲတီစိမ်းနဲ့ အခြားပဲမျိုးစုံကို ရွှေလီအကောက်ခွန်က မကြာမီလေလံချပေးတော့မယ်လို့ ကြားသိရပါတယ်။ အခုအခြေအနေကတော့ ပဲမျိုးစုံ Export ရပ်နေပါတယ်"ဟု နယ်စပ်ကုန်သည်တစ်ဦးဖြစ်သူ မောင်းကု (ပို့ကုန်/သွင်းကုန်)က မေ ၂၉ ရက်တွင် ပြောသည်။

အဆိုပါ ပဲတီစိမ်းဈေးကွက်မှာ လက်ရှိတွင် တရုတ်အဝယ်မလိုက်တော့ခြင်း၊ အညာပဲဈေးဖိထားခြင်း၊ အရည်အသွေး လျော့ခြင်း စသည်တို့ကြောင့် ဈေးကွက်ကျဆင်းလာကြောင်း သိရသည်။

လက်ရှိ ပဲတီစိမ်းနယ်ဈေးကွက်မှာ ယခု မေလနောက်ဆုံးပတ်တွင် ဈေးနှုန်းကျဆင်းနေသည့်အတွက် ပဲတီစိမ်းတစ်ပိဿာ ၂၃၆၅ ကျပ်မှ ကျပ် ၃၈၃၀ ဝန်းကျင်တွင်ရှိနေပြီး တရုတ်ဘက်မှ အဝယ်လိုက်လာပါက ဈေးကွက်ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း သိရသည်။

မြန်မာ့ပဲမျိုးစုံကို ပင်လယ်ရေကြောင်းမှ အများဆုံးတင်ပို့နေခြင်းဖြစ်သော်လည်း တရုတ်၊ ဘင်္ဂလားဒေ့ရှ်နှင့်ထိုင်းနိုင်ငံ တို့သို့ နယ်စပ်လမ်းကြောင်းမှတစ်ဆင့် တင်ပို့မှုများလည်းရှိကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## ဈေးကွက်တွင် ဝယ်ယူသိုလှောင်သူများ များလာသည့်အတွက် ဆန်ဈေး ဆက်တိုက်သလိုမြင့်တက်နေ




ဈေးတင်ရောင်းချရန်အတွက် အချို့ဆန်ကုန်သည်များမှ ဝယ်ယူသိုလှောင်သူများ ရှိနေသောကြောင့်ဆန်ဈေး အမြင့်ဈေးတွင် ဆက်ရှိနေကြောင်း ဆန်ဈေးကွက်ကနေ သိရသည်။

ထို့အပြင် မုန်တိုင်းဖြစ်ပေါ်လာသည့်အပေါ် စိုးရိမ်စိတ်ဖြင့် ဆန်ဝယ်ယူစုဆောင်းနေကြသည့် စားသုံးသူများလည်းရှိသောကြောင့် ဆန်ဈေးမှာ တစ်အိတ်လျှင် ဆန်အမျိုးစားပေါ်မူတည်ကာ ၃၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်းသိရသည်။

"ဆန်ဈေးကတော့ အတက် ဈေးနဲ့ပဲ ငြိမ်နေတာကြာပြီ၊ အဓိကက လှောင်လက်တွေများလာတယ်။ လူမှုကွန်ရက်တွေကနေပြီးတော့ လွဲမှားနေတဲ့ သတင်းတွေနဲ့ ဈေးကို တက်အောင်လုပ်ပြီးမှ ထုတ်ရောင်းကြတာပါ။ ဝယ်နိုင်တဲ့လူတွေက မုန်တိုင်းကြောင့် စိုးရိမ်ပြီး လိုတာထက် ပိုဝယ်ကြတော့ ဈေးကမကျဘူးဖြစ်နေတာ။ သိရသလောက်တော့ ဈေးကွက်မှာ စပါးတွေလည်းလုံလောက်မှုရှိတယ်"ဟု ဆန်ကုန်သည်တစ်ဦးက ပြောသည်။

ထို့အပြင် လျှပ်စစ်မီးပြတ်တောက်မှုကြောင့် အချို့ဆန်စက်များ လည်ပတ်မှု အားနည်းလာခြင်းဖြစ်ကြောင်း ဈေးကွက်သို့ ဆန်ဝင်ရောက်မှု နည်းနေခြင်းလည်းဖြစ်ကြောင်း ဆန်စက်လုပ်ငန်းရှင်များကဆိုသည်။ အဆိုပါဆန်အဝင်နည်းနေသည့် သတင်းများကြောင့် ရန်ကုန်လက်လီဈေးကွက်တွင် ပုံမှန်ထက် ဆန်တစ်အိတ်လျှင် ငွေကျပ် တစ်သောင်းခွဲထိ မြင့်တက်သွားကြောင်း ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ်နေသူ အိမ်ရှင်မ ဒေါ်ကြည်ကပြောသည်။ "ဆန်ဈေးက ဆက်တိုက်သလို တက်လာတာ။ တခါဝယ် တစ်ခါတက်နေတယ်။ အရင်က ရက် ၉၀ ဆန်ကြမ်း ၇၂၀၀၀ ဝယ်ရတယ်။ အခု ၈၄၀၀၀ ဖြစ်သွားတယ်"ဟု အိမ်ရှင်မ ဒေါ်ကြည်က ပြောသည်။

အဆိုပါဆန်ဈေးများ မြင့်တက်နေမှုနှင့်ပတ်သတ်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ဆန်စက်၊ ဆန်ကုန်သည်များနှင့် ဆန်အရောင်းဆိုင်များ ဆန်တန်ချိန် ၅၀၊ စပါးတင်း ၅၀၀၀ ထက် ပိုမိုသိုလှောင်မည်ဆိုပါက သိုလှောင်ရုံ မှတ်ပုံတင်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသင်းချုပ်ဥက္ကဌ ဦးရဲမင်းအောင်က ပြောထားသည်။ ထိုကဲ့သို့ မှတ်ပုံတင်ခြင်း ရှိ၊ မရှိကို ကြပ်မတ်သွားမည်ဖြစ်ပြီး၊ မှတ်ပုံမတင်ပါက ဥပဒေနှင့်အညီ အရေးယူမည် ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိ ပြည်တွင်းဆန်ဖူလုံမှု၊ ပိုလျှံမှုက အမှန်တကယ်ရှိသောကြောင့် ပြည်သူများစိုးရိမ်ဖို့မလိုအပ်ကြောင်း၊ ပြည်သူတွေအနေဖြင့် ဆန်စပါး ဝယ်ယူစုဆောင်းခြင်းများ မလုပ်ကြရန်နှင့် လိုအပ်သည့် ပမာဏကိုသာ ဝယ်ကြရန် ဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။

ပြည်တွင်းဆန်ဖူလုံမှုရှိမှသာ ပြည်ပသို့ဆန် တင်ပို့နေခြင်းဖြစ်ပြီး ယခု၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန်၂ ဒသမ ၅ သန်း တင်ပို့နိုင်ရန်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

လာမည့် မိုးစပါးအတွက် အစေ့ချစနစ်ဖြင့် အများဆုံး စိုက်ပျိုးနေကြပြီးဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် မိုးစပါးနှင့် နွေစပါး စိုက်ဧက ခန့်မှန်းခြေ ဧက ၁၆ သန်း ကျော်ထိ ထွက်ရှိကြောင်း သိရသည်။

**Source:** AMIA

https://t.me/htwettoe

## စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါးရရှိထား

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလ (၁) ရက်မှ မေလ (၁၉) ရက်အထိ တစ်လကျော်ကာလအတွင်း ပြည်ပသို့ စက်မှုကုန်ချော တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၈၉ ဒသမ ၅၀၆ သန်းရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

အဆိုပါ ပို့ကုန်ရငွေ ပမာဏမှာ ပြီးခဲ့သည့်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် လျော့ကျနေကြောင်းလည်း အဆိုပါ စာရင်းများအရ သိရသည်။

ပြည်ပသို့ ပုဂ္ဂလိကကဏ္ဍမှ စက်မှုကုန်ချောတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၅၆၈ ဒသမ ၀၆ သန်း နှင့် နိုင်ငံပိုင်ကဏ္ဍ တင်ပို့မှုမှ ကန်ဒေါ်လာ ၄၂၁ ဒသမ ၄၄၇ သန်း ရခဲ့ခြင်း ဖြစ်သည်။

ပြည်ပသို့ မြန်မာနိုင်ငံမှ လယ်ယာထွက်ပစ္စည်း၊ တိရိစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းနှင့် အခြားပစ္စည်းတွေကို တင်ပို့နေပြီး စက်မှုကုန်ချောတင်ပို့မှုမှ အများဆုံး ပို့ကုန်ဝင်ငွေ ရရှိထားခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကပြည်ပပို့ကုန် (၁၀) မျိုးတွင် စက်မှုကုန်ချောတစ်ခုဖြစ်သည့် ချုပ်ပြီးအထည်တင်ပို့မှုသည် ပထမ နေရာတွင်ရှိနေပြီး အခြားစက်မှု ကုန်ချောပစ္စည်းများဖြစ်သည့် သကြား၊ လက်ဝတ်ရတနာ၊ သဘာဝဓာတ်ငွေ့အစရှိသည့် ကုန်ပစ္စည်းများပါဝင်ကြောင်း သိရသည်။

**Source: Popular News Journal**

## နေပြည်တော်တွင် ဒူးရင်းသီးအဝင်များသော်လည်း ထင်သလောက် ရောင်းမကောင်း




နေပြည်တော်တွင် ဒူးရင်းသီးများ အဝင်များသော်လည်း ထင်သလောက် မရောင်းရဘဲ အရောင်းပါးတယ်လို့ သစ်သီးဝလံရောင်းချသူများထံမှ သိရပါတယ်။

"ဒီအချိန်က ဒူးရင်းသီးက နယ်စုံက အသီးစုံဝင်တယ်၊ ထင်သလောက် မရောင်းရပါဘူးဗျာ၊ အရောင်းပါးတယ်၊ ရောင်းတဲ့သူတွေကလည်းများတယ်၊ ဆိုင်အထိုင်ရောင်းတဲ့သူ၊ ရွှေ့လျားဆိုင်ကယ်၊ ကားတွေနဲ့ရောင်းတဲ့သူ၊ နောက် အွန်လိုင်းကနေ ရောင်းတဲ့သူ ရောင်းတဲ့သူတွေကလည်းများတယ်၊ ဒါပေမဲ့ သိပ်အဟုတ်ကြီး မရောင်းရဘူးဗျ၊ မရောင်းရဘူးဆိုတာလည်း မပြောနဲ့လေဗျာ၊ အခုချိန်က ငွေရှာရတာခက်တယ်၊ မိသားစုစားဝတ်နေရေး မနည်းဖြေရှင်းနေရတဲ့အချိန်ကို အစစအရာရာ ကုန်ဈေးနှုန်းက မြင့်သကိုး၊ ငွေပိုငွေလျှံရှိမှ စားနိုင်မှာကို အခုချိန်က ဒူးရင်းသီးဈေးကလည်း သာမန်လူဝယ်စားဖို့ဆိုတာ တစ်လုံးအောက်ထစ် ၅၀၀၀ လောက်ဆိုတော့ နေပြည်တော်မှာက ပိုက်ဆံချမ်းသာတဲ့သူ၊ နောက်ဝန်ထမ်းထဲကဆို သာမန်ဝန်ထမ်းဝယ်စားဖို့ခက်၊ လူကြီးပိုင်းတွေလောက်သာ စားနိုင်တာ" ဟု သစ်သီးရောင်းသူတစ်ဦးမှ ဆိုပါတယ်။

နေပြည်တော်တွင် ဒူးရင်းသီးများ အရောင်းပါးသလို စိန်တစ်လုံး သရက်သီးများလည်း အရောင်းပါးတယ်လို့ သိရပါတယ်။

Opinion Leaders

https://t.me/htwettoe

## မြန်မာ့စီးပွားရေးဘဏ်မှ ငွေစုအတိုးနှုန်းများကို ဇွန် ၁ ရက်မှစတင်၍တိုးမြှင့်

မြန်မာ့စီးပွားရေးဘဏ်မှ ငွေစုဘဏ်အပ်ငွေ၊ ငွေစုလက်မှတ်အပ်ငွေနှင့် စာရင်းသေအပ်ငွေများ၏ အတိုးနှုန်းများကို ဇွန် ၁ ရက်ကစတင်၍ တိုးမြှင့်ပေးခဲ့သည်။

ငွေစုဘဏ်အပ်ငွေ၏ အတိုးနှုန်းအား (၆)ရာခိုင်နှုန်း၊ ငွေစုလက်မှတ်အပ်ငွေ အတိုးနှုန်းအား (၇)ရာခိုင်နှုန်း၊ စာရင်းသေ အပ်ငွေ အတိုးနှုန်းအား (၁) နှစ်အပ်ငွေ(၇)ရာခိုင်နှုန်းတို့အဖြစ် မြန်မာ့စီးပွားရေးဘဏ်မှ တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

စာရင်းသေအပ်ငွေ အတိုးနှုန်း၏ (၁)လအပ်ငွေကိုလည်း (၆)ရာခိုင်နှုန်း၊ (၃)လအပ်ငွေအား (၆ ဒသမ ၂၅)ရာခိုင်နှုန်း၊ (၆)လအပ်ငွေအား (၆ ဒသမ ၅)ရာခိုင်နှုန်း၊ (၉)လအပ်ငွေအား (၆ ဒသမ ၇၅)ရာခိုင်နှုန်းတို့သို့ တိုးမြှင့်ပေးခဲ့သည်။

ယခင်အတိုးနှုန်းများမှာ ငွေစုဘဏ်အပ်ငွေ အတိုးနှုန်း(၅ ဒသမ ၅)ရာခိုင်နှုန်း၊ ငွေစုလက်မှတ်အပ်ငွေ အတိုးနှုန်း(၆ ဒသမ ၅) ရာခိုင်နှုန်း၊ စာရင်းသေအပ်ငွေအတိုးနှုန်း(၁) နှစ်အပ်ငွေ(၆ ဒသမ ၅)ရာခိုင်နှုန်းတို့ဖြစ်သည်။

**Source: Popular News Journal**

## တိုကျိုမြို့တွင် မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုး ယန်း ၁,၀၀၀ တိုးမြှင့်ကောက်ခံ

မြန်မာသံရုံး၊ တိုကျိုမြို့တွင် မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးဆောင်ရွက်သည့်ကိစ္စနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း -

(၁) မြန်မာသံရုံး၊ တိုကျိုမြို့အနေဖြင့် လက်ရှိတွင် မြန်မာနိုင်ငံသားများ၏ နိုင်ငံကူးလက်မှတ်စာအုပ် သက်တမ်းတိုးမြှင့်ခြင်း အတွက် ဂျပန်ယန်းငွေ (၄၀၀၀) ကောက်ခံ၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

(၂) ယခုအခါ မြန်မာနိုင်ငံကူးလက်မှတ် MH ဖြင့် စတင်မည့် သာမန်မြန်မာနိုင်ငံကူးလက်မှတ်များ၏ လုံခြုံရေးအဆင့်အတန်းအား အဆင့်မြှင့်တင်ထားပြီး စာအုပ်တန်ဖိုးနှုန်းထားအား တိုးမြှင့်ကောက်ခံရန် သက်ဆိုင်ရာမှ ညွှန်ကြားလာပါသဖြင့် MH ဖြင့် ထုတ်ပေးမည့် မြန်မာနိုင်ငံကူးလက်မှတ်များအတွက် ၁-၆-၂၀၂၃ ရက် (ကြာသပတေးနေ့) မှစတင်၍ ဂျပန်ယန်းငွေ (၅၀၀၀) သို့ ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပါကြောင်းနှင့် သက်တမ်းလွန်ဒဏ်ကြေး၊ နှစ်ကျော်ဒဏ်ကြေးနှင့် စာအုပ် ပျောက်ဆုံးမှု ဒဏ်ကြေးများကို ယခင်အတိုင်း အပြောင်းအလဲမရှိဘဲ ကောက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာသံရုံး၊ တိုကျိုမြို့**

**၂၀၂၃ ခုနှစ်၊ မေလ ၃၀**

**Source: https://www.industrialdirectory.com.mm/**

https://myantrade.gov.mm/article/naypyitaw_31052023_1120

## အိန္ဒိယကုန်သည်များအသင်းချုပ် (ICC) မှ ကြီးမှူးကျင်းပသော The 2nd East Energy Conclave 2023 သို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကိုယ်စား စီးပွားရေးသံမှူးတက်ရောက်

အိန္ဒိယကုန်သည်များအသင်းချုပ် (ICC) မှကြီးမှူး၍ ၂၀၂၃ ခုနှစ် ဒုတိယအကြိမ်မြောက် အရှေ့ဖက်စွမ်းအင်ဆိုင်ရာ ဆွေးနွေးပွဲ(The 2nd East Energy Conclave 2023) ကို ၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့က အိန္ဒိယနိုင်ငံ၊ ကော်လ်ကတ္တားမြို့ The Park Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကိုယ်စား မြန်မာစီးပွားရေးသံမှူးတက်ရောက်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို သိရှိနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ အနောက်ဘင်္ဂလားပြည်နယ်အစိုးရ လျှပ်စစ်စွမ်းအား၊ လူငယ်ရေးရာ၊ အားကစားနှင့်အိုးအိမ်ဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး Shri Aroop Biswas၊ အိန္ဒိယနိုင်ငံအစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ယခင်ဝန်ကြီးဟောင်း Mr. Anil Razdan ၊ RPSG Group of Companies (HR-Power Group) ၏ဥက္ကဋ္ဌ Mr. Gautam Ray ၊ Bhavika Commercial Pvt Ltd ၏ ဦးဆောင်ညွှန်ကြားရေးမှူးချုပ် Mr. Tanmoy Kumar Banerjee ၊ Fenasia Ltd & Honorary CG, Cuba မှ ညွှန်ကြားရေးမှူး Mr. Naresh Juneja၊ Eastern Region Load Despatch Centre မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Rajib Sutradhar နှင့် အိန္ဒိယနိုင်ငံကုန်သည်အသင်းချုပ် ညွှန်ကြားရေးမှူးချုပ် Dr. Rajeev Singh တို့အပါအဝင် ကျွမ်းကျင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဒေသ၏ စွမ်းအင်နှင့် လျှပ်စစ်စွမ်းအားကဏ္ဍ၏ လတ်တလော ဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအလားအလာကောင်းများ၊ တစ်နေ့တစ်ခြားကြီးထွားလာလျက်ရှိသော စွမ်းအင်လိုအပ်ချက်ပြည့်မီအောင် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲနှင့် စိန်ခေါ်မှုများ၊ အိန္ဒိယနိုင်ငံသည် နီပေါ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်ကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်အတူ စွမ်းအင်နှင့် လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၌ အတူတကွပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ အစိုးရ၏မူဝါဒ၊ မဟာဗျူဟာနှင့်ရှေ့ဆက်လက်အကောင်အထည်ဖေါ်ဆောင်ရွက်မည့်စီမံကိန်းများ၊ ပုဂ္ဂလိကကဏ္ဍ၏ ဆောင်ရွက်ချက်များ၊ ရုပ်ကြွင်းလောင်စာများမှ ရုပ်ကြွင်းမဟုတ်သော လောင်စာများဆီသို့ အမြန်ဆုံးကူးပြောင်းသုံးစွဲနိုင်ရေး ကိစ္စ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ၊ ကိရိယာပစ္စည်းသစ်များသုံးစွဲရေး၊ e-mobility ကဏ္ဍ၊ အခြေခံအဆောက်အအုံများ ခိုင်မာအားကောင်းရေးစသည်တို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့**

https://myantrade.gov.mm/article/STP(Yangon)%2030052023%20%2022%20:%2021

## STOCK EXCHANGE (31.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 31st May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 25,705 (Shares) | 70,924,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | -100 | -1.23% | 8,100 | 8,100 | 8,000 | 309 | 2,502,600 | 33,109,694 | 264,878 |
| MTSH | 00002 | 2,800 | -150 | -5.08% | 2,800 | 2,800 | 2,750 | 23,329 | 65,310,600 | 38,929,150 | 109,002 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 0 | 0 | 10,400,986 | 76,967 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,450 | 1,970 | 2,856,500 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,450 | -50 | -2.00% | 2,450 | 2,450 | 2,450 | 90 | 220,500 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 4,700 | 7 | 34,100 | 10,497,598 | 52,488 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 31st May, 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 356.03 | -5.76 | -1.59% | 358.47 | 358.47 | 354.24 | 25,705 | 70,924,300 | 7 | 627,351 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 31st May, 2023

| Trading Volume | Trading Value |
|---|---|
| 25,705 (Shares) | 70,924,300 (MMK) |

### Main Board

As of 1:00 pm, 31st May, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 25,705 (Shares) | 70,924,300 (MMK) |

| MYANPIX | 356.03 ▼ 5.76 |
|---|---|
| Total Volume (shares) | 25,705 |
| Total Value (MMK) | 71 mil |
| Listed Company | 7 |
| Market Cap. (MMK) | 627,351 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▼ 100 |
| MTSH | 00002 | 2,800 | ▼ 150 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,450 | ▼ 50 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR